# Health Office Memorandum to Parents

## ကျမ်းမာရေးဌါနရုံးခန်း

ကျောင်းချိန်အတွင်း၌ သူနာပြု ဆရာမကို တွေ့ ခွင့် ရရှိနိုင်ပါသည်၊ သူနာပြု ဆရာမကို ကျောင်းတကျောင်းထပ်ပို၍တာဝန်ပေးတတ်ပါသည်၊ ကျောင်းသူနာပြု ဆရာမများအပြင် ရှေးဦးသူနာပြု သင်တန်းပေးထားသူ၊ CPR နှင့် ဆေးစီမံခန့် ခွဲမှု ပေးသူတို့ ပါထားရှိပါသည်၊

## ဆက်သွယ်နိုင်မည့်သတင်း

ဖျားနာခြင်း(သို့ )မထင်မှက်သောထိခိုက်ခြင်းတို့ ဖြစ်သောအခါ ကျောင်းမှ ဆက်သွယ်၍ရနိုင်မည့် မိဘ(သို့ ) အခြားသော ကျောင်းသားကိုတာဝန်ယူနိုင်မည့် လူ ကြီးဖြစ်သောသူ၏ ဇါနေ့ တွင်း ဆက်သွယ်၍ရရှိနိုင်သော တယ်လီဖုံးနံ ပါတ်ကို ကျောင်းတွင်မဖြစ်မနေရရှိရန် လိုအပ်ပါသည်၊ အရေးပေါ်ဆက်သွယ်နိုင်သည် ဖုံးနံပါတ်(သို့ ) အလုပ်ခွင် နှင့် အိမ် တို့ တွင် အသစ်ဖြစ်သောနံပါတ်များကို ကျောင်းတွင်ခတ်မှီအောင် ပြန်၍ပြင်ဆင်ရန်လိုပါသည်၊ ကျောင်းသည် မဖြစ်မနေ အခြားသော ဆက်သွယ်၍ ရရှိနိုင်မည့် ဖုန်းလိုအပ်ပြီး နံပါတ်များလေ ကောင်းလေ ဘဲဖြစ်ပါသည်။

## ကျမ်းမာရေးအခြေအနေ

မည်သည့်အခြေအနေတွင်မဆို အရေးပေါ်အခြေအနေထိ ကျရောက်နိုင်သည့် ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ ဆေးနှင့်မတည့်မှု ဖြစ်ခြင်း၊ ဆီးချိုရောဂါရှိခြင်း၊ အမှက်တမဲ့ စိတ်ဖောက်ပြန်တက်သောရောဂါရှိခြင်း (သို့ ) ပညာရေး သင်ယူရရှိမှု ကိုအကျိုးသက်ရောက်စေနိုင်မည့် (နစ်စဉ်၊ (သို့ ) မကြာခနဖြစ်ပေါ်လာတက်သော) အပြောင်းအလဲများကို သူနာပြု ဆရာမထံသို့ အကြောင်းကြားရန်မှာ မိဘများ၏ တာဝန်ဘဲဖြစ်ပါသည်၊



## ကာကွယ်ဆေးများ

အင်ဒီးယားနားပြည်နယ်၏ ကာကွယ်ဆေးဥပဒေအရ ကျောင်းသား၊သူအားလုံးသည် ကျောင်းပဌမကျောင်းစတက် သောနေ့ ကို နောက်ဆုံးထား၍ ကာ ကွယ်ဆေးများကို မဖြစ်မနေ ထိုးကြရန်လိုအပ်ပါသည်၊ ဆေးထိုးထားသည် စာရင်းမှက်တမ်းကို ကျောင်းတွင် စနစ်တကျ ဖိုင်တွဲထားရန်လိုအပ်ပါသည်၊ ဆေးထိုးရန်ကန့် ကွက်ခြင်း ပုံစံလျှောက်လွှာကိုလဲ မဖြစ်မနေ ခေတ်မှီအောင် အသစ် ပြု လုပ်ရန် လိုအပ်ပါသည်၊

## ဆေးများ

ဆေးအများစုကို အိမ်တွင် သုံးဆောင်ကြပါ၊ တနေ့ တွင် သုံးကြိမ်သောက်ရန်လိုအပ်သောဆေးအား အိမ်တွင် ကျောင်းမတက်ခင်တွင်၄င်း၊ ကျောင်းဆင်းပြီးသောအခါ တွင်၄င်း၊ ညအိပ်ရာမဝင်ခင်တွင်၄င်း၊ သုံးဆောင်ကြပါ၊ ဆေးများကိုဆရာဝန်၏စာနှင့်ရေးသားထားသောညွှန် ကြားချက်ဖြင့်သာ ခွင့်ပြု ပါလိမ့်မည်၊ အကယ်၍ဆေးများကို ကျောင်းတွင်မဖြစ်မနေ သုံးဆောင်ရန်လိုအပ်ပါက ဆေးကိုကျောင်းသို့ မပို့ မှီ ကျေး ဇူးပြု ၍ ကျောင်းတွင် သင့်လျှော်သောဖောင်ပုံစံကို တောင်း၍ ဖြည့်စွက်ပါ၊ ဆေးပေးသောဆေးဆိုင်ဝန်ထမ်း အားကျောင်းတွင်းသောက်သုံးရန် ဆေးဘူးတဘူးကို သီး သန့် တောင်းပါ၊ (ဆေးဆိုင်အများစုမှဝန်ထမ်းများသည် အခမဲ့ ပြု လုပ်ပေးပါလိမ့်မည်) မှက်ချက်ဂဂ မူလအရင်းဖြစ်သောဆေးဘူးနှင့် ဆေးဆိုင် ပေါ်တွင်ဝယ်ယူ၍ရနိုင်သောဆေး၊ (သို့ )ဆေးညွှန်းနှင့်ဝယ်ယူ သော ဆေးမှတပါး အခြားသောဆေးများကို သုံးဆောင်ခွင့်ပြု လိမ့်မည်မဟုတ်ပါ၊ ဆေးသုံးဆောင်ခွင့်ပုံ စံကိုပြည်စုံအောင် မဖြည့်စွက်ထားခြင်းနှင့် ဆရာဝန် လက်မှက်မထိုးထားပါက ဆေးများကို သုံးဆောင်ခွင့် ပြု လိမ့်မည်မဟုတ်ပါ၊ မသုံးသောဆေး၊ ဆက်၍မသုံးသော (သို့ )ရက်လွန်သောဆေးများကို မိဘအုပ်ထိမ်းသူ၏ထံ သို့ ဆေးညွှန်းခွင့်ပြု ချက်၏ ဖော်ဆိုချက်အရ အိမ်သို့ ပြန်၍ပို့ ဆောင်ပေးပါလိမ့်မည်/ FWCS ၏ဥပဒေအရကျန် ရှိနေသောဆေးများကိုကျောင်းနောက်ဆုံးတက်ရသော နေ့ နောက်တွင်စွန့် လွှတ်ပြစ်ခြင်းကို ခံရပါလိမ့်မည်၊

## ဖျားနာခြင်း

သင်တို့ ၏ကလေးများတွင် ဖျားနာနေသော လက္ခနာများ ဖြစ်သည် (အလွန်ဖျားနာနေခြင်း၊ ကိုယ်အပူရှိနေခြင်း၊ အကဲမဖြက်ရသေးသော အဖု အပိန့်များပေါက်နေခြင်း) တို့ ဖြစ်နေပါက ကျေးဇူးပြု ၍ ကျောင်းသို့ မပို့ ကြပါနှင့်၊သင်တို့ ၏ကလေးတွင် ကူးစက်ပြန့်ပွားတက်သော ရောဂါများဖြစ်သည့် (ဝက်က်သက်ပေါက်ခြင်း၊ သန်းများ ပေါက်နေခြင်း၊ အရေပြားရောဂါ၊ မျက်စိနာနေခြင်း၊ အနာ စက်များပေါက်နေခြင်း) တို့ ဖြစ်နေပါက ကလေးအား ကျောင်းသို့ မပို့ ပေးကြပါနှင့်၊

## ဖျားနာပြီးနောက်တွင်ကျောင်းပြန်တက်ခြင်း

ကလေးများသည် (Tylenol ®, Advil ® etc.) စသည့်ဆေးများကို မသောက်ဘဲ အဖျားပြောက်နေသူဖြစ်ရလိမ့်မည်၊ အခြားသောအဖျားလက္ခနာရှိသည် ထိမ်းချုပ်၍မရနိုင်လောက်အောင် ချောင်းဆိုးခြင်း၊ ဝမ်းလျှောခြင်း၊ အော့အံခြင်း စသည်တို့ သည် ကျောင်း မတက်မှီ ၂၄နာရီတွင်းကင်းရှင်းပပျောက်ပြီးသားဖြစ်ရပါ လိမ့်မည်၊ ဦးခေါင်းမှသန်းများ၊ ကျောင်းသားသည် ကျောင်းပြန်မတက်မှီတွင်ကျောင်းမှတာဝန်ရှိသူ (သို့ ) ကျောင်းသူနာပြု ဆရာမ၏ကြည့်ရှုစစ်ဆေးပြီးမှ ကျောင်းသို့ ပြန်တက်ခွင့်ရရှိပါလိမ့်မည်၊

## ကြို တင်ကာ ကွယ်ခြင်းသည်အဓိကကြပါသည်၊

ကလေးများ၏ဦးခေါင်းကို မကြာခနစစ်ဆေး ကြည့်ရှုရန် မှာ မိဘများ၏တာဝန်ပင်ဖြစ်ပြီး သင်တို့ ၏ထံတွင် မေးမြန်းစရာရှိပါက ကျောင်းသူနာပြု ဆရာမထံသို့ ခေါ် ယူ၍မေးမြန်းနိုင်ပါသည်၊

ကလေးတိုင်း၏အောင်မြင်မှုကို ကျောင်းသူနာပြု ဆရာမသည် ထောက်ပံပေးပါသည်။ တိုး တက်ကောင်းမွန်သည် ပညာရေးကို ရရှိရန် ကျောင်းသူနာပြု ဆရာမသည် ဖျားနာ၍ ကျမ်းမာရေးအခက်အခဲရှိသော ကလေးများနှင့်မတော်တဆထိခိုက်၍ ဆေးကုသရန်လိုအပ်သော ကလေးများကို ဆေးကုသရန်လိုအပ်သည်အခြေအနေတွင် ဆေးကုသပေးပါသည်၊ သူတို့ အားကျမ်းမာရေးနှင့် ရောဂါများကို ကာကွယ်ရန် သင်တန်းပေးထားပါသည်။ သူတို့ သည်ကျောင်းဆရာများနှင့် ဝန်ထမ်းများကို ကျမ်းမာရေးနှင့် ပက်သက်သည် လုပ်ငန်းများတွင် ကူညီပံပိုးပေးပါသည်၊ ကျောင်းသူနာပြု ဆရာမသည်ကျောင်းသားများ၊ကျောင်းဝန်ထမ်းများအတွက် ကောင်းသောကျမ်းမာရေးကို အားပေး၍
လုံခြုံ ပြီး စိတ်ချရသော ပတ်ဝန်းကျင်ဖြစ်ရန် အားပေးပါသည်၊

Thank You,
Your School Nurse

Burmese